စိတ်ကူးချိုချိုအနုပညာ

NOBEL-MYANMAR
LITERARY FESTIVAL
( Literature for Children )



မောင်ခေတ်ထွန်း
ပြန်ဆိုပြုစုသည်။


# တရုတ်ရိုးရာ ပုံပြင်ကမ္ဘာ
# (၁)

mgyoe.com

mgyoe.com

**မောင်ခေတ်ထွန်း**
ပြန်ဆိုပြုစုသည်၊

# တရုတ်ရိုးရာ ပုံပြင်ကမ္ဘာ
# (၁)



KHIT0009
1,500.00 KS

mgyoe.com

တရုတ်ရိုးရာ ပုံပြင်ကမ္ဘာ(၁)၊ မောင်ခေတ်ထွန်း
အပြင်အဆင်-အမ်အက်စ်အို၊ စာမျက်နှာ ၁၄၃ မျက်နှာ၊ ၁၂·၈ စင်တီ× ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မိုးရိပ်လမ်း၊ ရန်ကင်း။
၂၀၁၆၊ ဇန်နဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# တရုတ်ရိုးရာ ပုံပြင်ကမ္ဘာ
# (၁)

## မောင်ခေတ်ထွန်း

ပြန်ဆိုပြုစုသည်။

ပထမအကြိမ်၊ ၂၀၁၆

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | စကားပြောတဲ့ ငှက်ကလေး | ၁ |
| ၂။ | မယ်လိမ္မာကလေး | ၆ |
| ၃။ | လောဘကြီးတဲ့တူပိုး | ၂၀ |
| ၄။ | လှေနံဓားထစ် | ၃၇ |
| ၅။ | မင်းသမီးလေးနှင့် ပိုးကောင် | ၄၀ |
| ၆။ | နဂါးရုပ်ဆွဲတဲ့ ပန်းချီဆရာ | ၄၇ |
| ၇။ | မုဆိုးနှင့်ထူးဆန်းသောမိန်းမပျို | ၆၀ |
| ၈။ | ထူးဆန်းသော ဖားမင်းသားကလေး | ၈၀ |
| ၉။ | မျက်မမြင်လူငယ်ကလေးလိုဆွန် | ၁၁၁ |
| ၁၀။ | လုလင်ပျိုနှင့် ထူးဆန်းသောထမ်းပိုး | ၁၂၃ |
| ၁၁။ | သူ့ရဲကောင်းရှိဂါ | ၁၂၉ |


❐

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com




## စကားပြောတဲ့ငှက်ကလေး

တရုတ်ပြည်ရဲ့ ကေရာဇ်ဘုရင်မဟာ ခန့်ညားပြီး ဩဇာအာဏာရှိတဲ့ သူဖြစ်တယ်။ သူ့နန်းတော်ကို စကျင်ကျောက်နဲ့ ရွှေစင်ရွှေပြားနဲ့ ဆောက်လုပ်မွမ်းမံထားတယ်။ သူထိုင်တဲ့ ပလ္လင်တော်ကို ကျောက်စိမ်းခြသေ့ရုပ်က စောင့်ကြပ်နေတယ်။ ခန်းမအဆောင်ဆောင်မှာ နာမည်ကျော် ပန်းချီကျော်တွေရဲ့လက်ရာ ပန်းချီကားတွေကို ချိတ်ဆွဲထားတယ်။ အခန်းတွေကိုလည်း အကောင်းဆုံးသိုးမွေးနဲ့ ငွေချည်နဲ့ရက်လုပ်ထားတဲ့ ကော်ဇောတွေကို ခင်းကျင်းထား

mgyoe.com

mgyoe.com


တယ်။ သူ့အကြံပေးတွေဟာလည်း ဉာဏ်ပညာအဆင့်အတန်း အမြင့်ဆုံး ပုဂ္ဂိုလ်တွေဖြစ်ကြတယ်။ တိုက်ရေး ခိုက်ရေးမှာ အထူး ကျွမ်းကျင်တဲ့ စစ်သည်တော်တွေကိုလည်း သူ့ကိုယ်ရံတော်တပ် အဖြစ် ဖွဲ့စည်းထားတယ်။ မည်သူမဆို သူ့ကိုဦးညွတ်အလေးပြုပြီး မှ လျှောက်တင်စရာရှိ လျှောက်တင်ရတယ်။

ဒါပေမဲ့ တစ်နှစ်လောက်အကြာမှာ သူ့ကို တစ်ပတ်ရိုက်ဖို့ အသက်ကြီးကြီးလူတစ်ယောက် ပေါ်ပေါက်လာခဲ့တယ်။ အဲဒီလူ ဟာ တိုင်းပြည်နဲ့အတော်ဝေးဝေးနေရာမှာ နေထိုင်သူဖြစ်တယ်။ သူဟာ နှစ်ပေါင်းများစွာ စကားပြောနိုင်တဲ့ ငှက်ကလေးတစ် ကောင်ကို မွေးမြူထားတယ်။ သူဟာ သူ့ငှက်ကို ဘယ်ကိုပဲသွား သွား ခေါ်သွားလေ့ရှိပြီး တစ်ဦးနဲ့တစ်ဦး စကားပြောဆိုကြကာ ရယ် မောစရာရှိရင်လည်း အတူတူရယ်မောကြတယ်။

တစ်နှစ်မှာ သီးနှံတွေ မအောင်မြင်လို့ အဘိုးအိုဟာ ဆင်းရဲ သွားခဲ့တယ်။

"ငါ့မှာ တန်ဖိုးရှိတဲ့ပစ္စည်းဆိုလို့ ငါ့ငှက်ကလေးပဲ ကျန်တော့ တယ်။ ဒီငှက်နဲ့ ငွေရှာရမယ်" လို့ဆိုကာ အဘိုးအိုဟာ ငှက်ကို ပခုံးပေါ်တင်ပြီး ဧကရာဇ်ဘုရင်မကြီးရဲ့ လှပတဲ့နန်းတော်ကြီးတည် ရှိရာ ပီကင်းမြို့သို့လာခဲ့တယ်။ သူတို့ဟာ လမ်းခရီးမှာ ရွှေမြို့တော် ရောက်ရင် ဘာလုပ်ရမယ်ဆိုတာကို တီးတိုးတိုင်ပင်ခဲ့ကြတယ်။ ခရီးသွားအတော်များများက အလွန်အံ့သြစရာကောင်းတဲ့ စကား ပြောတတ်တဲ့ ငှက်ကလေးအကြောင်းကို သိရှိသွားကြတယ်။ အဘိုး အိုနဲ့ ငှက်ကလေးတို့ဟာ မကြာမီ ပီကင်းမြို့သို့ ရောက်ရှိလာကြ တယ်။ လူတိုင်းက သူတို့အကြောင်းပဲ ပြောဆိုနေကြတယ်။ အဲဒီ

mgyoe.com

mgyoe.com


စကားဟာ ဧကရာဇ်ဘုရင်မကြီးနား ရောက်ရှိသွားတယ်။ ဘုရင်မကြီးက အဘိုးအိုကို ဆင့်ခေါ်လိုက်ပြီး ငှက်ကို သူ့အား ရောင်းဖို့ ပြောကြားတယ်။ အဘိုးအိုးက ခေါင်းခါပြီး–

"ဒီငှက်နဲ့ ကျွန်တော်မျိုးဟာ မိတ်ဟောင်းဆွေဟောင်းတွေပါ။ ဒါ့ကြောင့် ကျွန်တော်မျိုး ဒီငှက်နဲ့ မခွဲနိုင်ပါဘူး" လို့ လျှောက်တင်လေတယ်။

ဧကရာဇ်ဘုရင်ဟာ ငြင်းပယ်မှုကို လက်ခံလေ့ရှိသူမဟုတ်လို့ အဘိုးအိုရဲ့စကားကို ဂရုမထားတော့ဘဲ ငှက်ဘက်သို့လှည့်ကာ

"အသင် ငါ့ရဲ့လှပတဲ့ ဒီနန်းတော်ကြီးထဲမှာ ငါနဲ့အတူ ဇိမ်ကျကျမနေချင်ဘူးလား" လို့ မေးလိုက်လေတယ်။

"ကျွန်တော်မျိုး နေချင်ပါတယ်" လို့ ငှက်က ပြန်ပြောတယ်။

အဲဒီအခါ ဧကရာဇ်ဘုရင်မကြီးက

"ငါ သင့်အတွက် ဒီအဘိုးအိုကို ဘယ်လောက်ပေးလိုက်ရမလဲ" လို့ မေးတဲ့အခါ ငှက်က "ငွေအသပြာ တစ်ဆယ်ပေးရင်ရပါတယ်" လို့ ပြန်ပြောလေတယ်။

ဘုရင်မကြီးလည်း အဘိုးအိုရဲ့ ပခုံးပေါ်က ငှက်ကိုယူလိုက်ကာ ငှက်ကို ရွှေလှောင်အိမ်ထဲထည့်ပြီးမှ သူ့အမှုထမ်းတွေကို အဘိုးအိုအား ငွေအသပြာ တစ်ဆယ်ကို ပေးစေလိုက်တယ်။ အဲဒီငွေဟာ လယ်သမားတစ်ယောက်အဖို့ အလွန်များပြားတဲ့ ငွေဖြစ်တယ်။

အဲဒီနောက် လယ်သမားအဘိုးအိုဟာ ငွေကိုပိုက်ကာ "ဒီငှက်ဟာ ကျေးဇူးမသိ၊ သစ္စာမရှိတဲ့ငှက်ပဲ။ ငါ့နှလုံးတွေတော့ ကြေကွဲကုန်ပါပြီ" လို့ပါးစပ်က ညည်းတွားပြောဆိုကာ သူ့ရွာသို့ပြန်လာခဲ့လေတယ်။ အဲဒီနေ့မှာ ငှက်ကလေးဟာ ဘုရင်မကြီးနဲ့ စကား

mgyoe.com

mgyoe.com


တွေပြောလိုက်၊ ရယ်မောလိုက်နဲ့ ပြုံးပျော်နေတယ်။ ငှက်ကလေးဟာ ကောင်းပေ့ဆိုတဲ့ အစားအစာတွေ စားသောက်ပြီးတဲ့အခါ သူဘယ်နေရာမှာ ရေချိုးရမလဲလို့ ဘုရင်မကြီးကို မေးတယ်။ ဘုရင်မကြီးက သူ့အခန်းရဲ့အောက်ဘက်ရှိ ကြာရေကန်ကို ညွှန်ပြကာ

"သင်… ဒီကြာရေကန်ထဲမှာ ရေချိုးပါ" လို့ ပြောဆိုလိုက်လေတယ်။

ဘုရင်မကြီးက ငှက်ကလေးကို ရေချိုးဖို့ ရွှေလှောင်အိမ်ထဲက လွှတ်ပေးလိုက်တဲ့အခါ ငှက်ကလေးဟာ ကြာရေကန်ကြီးဆီ ပျံသန်းသွားပြီး သူ့ကိုယ်လက်တွေကို ရေနဲ့ဆေးကြောသုတ်သင်လေတယ်။ အဲဒီနောက် ခေါင်မိုးဆီပျံသန်းသွားကာ ခေါင်မိုးပေါ်မှာနေပြီး သူ့အမွေးတွေခြောက်သွားအောင် နေပူလှုန်းတယ်။ ပြီးတဲ့အခါ ငှက်ကလေးက ဘုရင်မကြီးအား–

"အခု ကျွန်ုပ် ကျွတ်ပြီ လွတ်ပြီ။ နှုတ်ဆက်ခဲ့ပါတယ်။ ဘုရင်မကြီး" လို့ ပြောဆိုကာ အဝေးသို့ ပျံသန်းသွားလေတယ်။

ဘုရင်မကြီးလည်း ဒေါသထွက်ကာ အဘိုးအိုကို ရှာကာ သူ့ထံခေါ်လာဖို့ သက်တော်စောင့်တွေကို စေလွှတ်လိုက်လေတယ်။

မကြာမီ အဘိုးအိုရောက်ရှိလာကာ ဘုရင်မကြီးက အဘိုးအိုအား…

"ငှက် ဘယ်မှာလဲ၊ အသင်က ကျွန်ုပ်ကို လှည့်စားတာလား" လို့မေးလေတယ်။

အဲဒီအခါ အဘိုးအိုက

"ကျွန်တော်မျိုးဆီမှာ ငှက်မရှိပါဘူး။ သူမရှိလို့ ကျွန်တော်မျိုးကြေကွဲဝမ်းနည်းနေရပါတယ်။ ကျွန်တော်မျိုးဟာ ကျွန်တော်မျိုးရဲ့

mgyoe.com

mgyoe.com

ငှက်ကို မရောင်းချင်တာ အရှင်တော်မဖုရားလည်း အသိပါ” လို့ ပြောဆိုလေတယ်။

အားလုံးသော လယ်သမားတွေကလည်း အဘိုးအိုပြောတာ မှန်ကြောင်း ထောက်ခံကြတယ်။ နောက်ဆုံး ဧကရာဇ်ဘုရင်မကြီးလည်း အဘိုးအိုကို ပြန်လွှတ်လိုက်လေတယ်။ အဲဒီနောက်တော့ ဘုရင်မကြီးဟာ အဘိုးအိုကိုလည်းကောင်း၊ ငှက်ကိုလည်းကောင်း ပြန်လည်မတွေ့မမြင်ရတော့ဘူးတဲ့။

အဘိုးအိုဟာ မိုင်ပေါင်းများစွာကွာဝေးတဲ့ တောင်ကုန်းတွေနားက မြေကွက်ကလေးဆီလာခဲ့တယ်။ သူဟာ ဧကရာဇ်ဘုရင်မကြီးထံမှရရှိထားတဲ့ ငွေအသပြာတစ်ဆယ်ကို အရင်းအနှီးလုပ်ပြီး သူ့ယာခင်းဖွံ့ဖြိုးအောင် အသုံးချတယ်။ လိုအပ်တဲ့ ပစ္စည်းအသုံးအဆောင်တွေကိုလည်း ဝယ်ယူထားရှိတယ်။ သူ့တစ်သက်စာ နေထိုင်စားသောက်ဖို့ လုံလုံလောက်လောက်ရှိနေပြီဖြစ်တယ်။

တချို့လူတွေက စကားပြောတဲ့ ငှက်ကလေးဟာ အဘိုးအိုရဲ့အိမ်ကလေးထဲသို့ ဝင်လိုက်ထွက်လိုက်လုပ်နေတာတွေ့တယ်လို့ ဆိုကြသလို၊ တချို့ကလည်း ငှက်ကလေးဟာ အဘိုးအိုနဲ့ တွတ်ထိုး စကားပြောနေတာကို တွေ့ကြတယ်လို့လည်း ဆိုကြတယ်။ ဒါပေမဲ့ ဘယ်သူကမျှ သေသေချာချာ တွေ့မြင်ရတယ်လို့ ပြောဆိုဝံ့တာ မရှိဘူးတဲ့ကွယ်။

[The Story of Little Red Riding Hood and other tales စာအုပ်မှ The Talking Bird]

mgyoe.com

mgyoe.com

## မယ်လီမွာကလေး

တစ်ခါက တောင်ကြီးတစ်တောင်၏ဘေး ရွာကလေးတစ်ရွာတွင် ‘ချောင်’ အမည်ရှိ လူငယ်ကလေးတစ်ဦး ရှိလေသည်။ သူသည် လယ်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုလေသည်။ သူသည် အလုပ်ကို ပင်ပန်းကြီးစွာဖြင့် ကြိုးစားလုပ်ကိုင်သော်လည်း ငွေများ မစုဆောင်းမိချေ။ သူရရှိသည့် ငွေများအားလုံးနီးပါးကို ဘုရင်ကြီးထံတွင် အခွန်အဖြစ် ဆက်သရသဖြင့် စားဖို့ပင် အနိုင်နိုင်ဖြစ်နေလေသည်။ ထို့ကြောင့် သူသည် မိန်းမယူရန် လုံးဝ စိတ်မကူးဝံ့ချေ။

ထိုသို့ဖြင့် သူ့အပေါင်းအသင်း မိတ်ဆွေများက သူ့အားကျီစယ်နောက်ပြောင်ကာ...

mgyoe.com

'ဘုရင်ဧကရာဇ်စပါးကျီမှာ စပါးတွေပြည့်လျှံ
တစ်ဆံမျှမရှိတာ
သနားစရာ ချောင် ပါ၊
ဘုရင်ဧကရာဇ်မှာ မိဖုရားနှစ်ကျိပ် ကျော်ရှိ၊
သနားစရာ ချောင်မှာတော့နတ္ထိ

ဟူ၍ သီချင်းစပ်ဆိုကြလေသည်။

ထိုရွာတွင် ပန်းချီကျော်တစ်ဦးရှိရာ ပန်းချီကျော်သည် အထီးကျန်ဖြစ်နေသော လယ်သမားကလေး ချောင်ကို သနားသွားလေသည်။ ထို့ကြောင့် ပန်းချီကျော်သည် ချောင်အား ရသေ့စိတ်ဖြေအဖြစ် နံရံတွင် ချိတ်ဆွဲထားရန် အလွန်လှပသော မိန်းမပျိုပုံကို ရေးဆွဲကာ ချောင်အားပေးလေသည်။



mgyoe.com

mgyoe.com


ချောင်သည် လက်ရာကောင်းသည့် ပန်းချီကား၏ညို့ယူဖမ်းစားခြင်းကိုခံရကာ ကားချပ်ထဲမှ မိန်းမပျိုကလေးကို နှစ်သက်သဘောကျနေလေသည်။

'ဒီမိန်းမပျိုကလေးသာ အသက်ဝင်လာရင် ကောင်းမှာပဲ' ဟုလည်း စိတ်ကူးယဉ်မိသည်။

ထို့ကြောင့် သူသည် နံနက်စောစော လယ်ကွင်းသို့ အလုပ်ဆင်းခါနီးတွင် ပန်းချီကား ရှေ့သို့သွားကာ မိန်းမပျိုရုပ်ကလေးအား သေချာစွာကြည့်၍...

'အသင်ဟာ ကျွန်ုပ်စားဖို့ ထမင်း ဟင်းတွေ ချက်ပေးမယ်ဆိုရင် သိပ်ကောင်းမှာပဲ' ဟု ပြောဆိုပြီး အလုပ်ခွင်သို့ထွက်သွားလေသည်။

ချောင်သည် ညနေအလုပ်ပြီး၍ အိမ်ပြန်လာသောအခါ သူ့အိမ်၏ မီးဖိုချောင်ခေါင်းတိုင်မှ မီးခိုးများ ထွက်နေသည်ကို အံ့သြဖွယ် တွေ့မြင်လိုက်ရလေသည်။ သူသည် အိမ်ထဲသို့ဝင်လိုက်သည့်အခါ မီးဖိုပေါ်ရှိ ပေါင်းအိုးထဲတွင် အငွေ့တထောင်းထောင်း ထနေသော ပေါက်စီလုံးကြီးများကို မြင်တွေ့လိုက်ရလေသည်။ သူသည် များစွာ အံ့သြသွားလေသည်။ စဉ်းစား၍မတတ်အောင် ခေါင်းခြောက်သွားသည်။ ထို့နောက် သူသည် ပေါက်စီများကို စားသုံးလိုက်လေသည်။ ပန်းချီကားချပ်ထဲမှ အမျိုးသမီးသည် သူ့ကိုကြည့်ကာ ပြုံးနေလေသည်။ သူသည် ပေါက်စီကို အငမ်းမရ အားရပါးရ စားနေ၍ ပန်းချီကားချပ်ထဲမှ ပြုံးနေသော မိန်းမပျိုကို ဂရုမပြုမိချေ။

နောက်နေ့တွင် ချောင်သည် စုတ်ပြဲနေသော အင်္ကျီကိုခုံတွင်

mgyoe.com

mgyoe.com


ချိတ်၍...

'မနေ့က မိန်းမပျိုတွေက ကျွန်ုပ်ကို သနားတာနဲ့ ကျွန်ုပ်စားဖို့ ညစာတွေ လာရောက်ချက်ပြုတ်ပေးသွားခဲ့တယ်၊ ဒီနေ့လည်း ကျွန်ုပ်အင်္ကျီပြဲကို ချုပ်လုပ်ပေးလိမ့်မယ်လို့ မျှော်လင့်မိတယ်' ဟုဆိုကာ အလုပ်ခွင်သို့ ထွက်ခွာသွားလေသည်။

ချောင်သည် ညနေချိန်ရောက်သော် ခါတိုင်းပြန်နေကျထက်စော၍ အိမ်ပြန်လာပြီး သူ့အိမ်ထဲသို့ မဝင်သေးဘဲ ပြတင်းပေါက်မှ ချောင်းကာ အိမ်ထဲသို့ကြည့်လိုက်သည်။ ထိုအခါ အိမ်ထဲတွင် ရုပ်ရည်လှပသော အမျိုးသမီးတစ်ဦးသည် သူ၏စုတ်ပြဲနေသော အင်္ကျီကိုဖာထေး ချုပ်လုပ်ပေးလျက်ရှိသည်ကို အံ့သြဖွယ် တွေ့မြင်ရလေသည်။ ထို့ပြင် ကားချပ်ကြီးထဲတွင်လည်း အမျိုးသမီးရုပ်ပုံပျောက်နေကာ ဗလာကားချပ်ကြီးကိုသာ တွေ့မြင်ရလေသည်။

ချောင်သည် အိမ်ထဲသို့ပြေးဝင်သွားကာ အမျိုးသမီး၏လက်ကို ဖမ်းယူဆွဲထားပြီး...

"အသင် ကျေးဇူးပြုပြီး ကားချပ်ထဲကို ပြန်မသွားပါနဲ့တော့' ဟု အမျိုးသမီးအား တောင်းပန်ပြောဆိုလေသည်။

မိန်းမပျိုလေးလည်း ရှက်ပြုံးဖြင့်...

'ရှင်ဟာ လူကောင်းတစ်ယောက်ဖြစ်ပြီး ရိုးသားတဲ့သူဖြစ်တယ်၊ ကျွန်မ ရှင်နဲ့အတူတူနေပါ့မယ်' ဟု ပြောဆိုလိုက်လေသည်။

ချောင်လည်း မိန်းမပျို၏ စကားကိုကြားသော် များစွာပျော်ရွှင် ဝမ်းမြောက်သွားလေသည်။ ထို့နောက် ဘာမျှမရှိတော့သော ကားချပ်အလွတ်ကြီးကို သေတ္တာထဲတွင် ထည့်၍ သော့ခတ်ထားလိုက်လေသည်။

mgyoe.com

mgyoe.com


ထို့နောက် သူတို့နှစ်ဦးသည် မီးဖိုရှေ့တွင် ဒူးထောက်ကာ ထုံးတမ်းစဉ်လာအတိုင်း အကြင်လင်မယားအဖြစ် ကတိသစ္စာပြု ကြသည်။

အမျိုးသမီးကလေးသည် အိမ်ရှင်မကောင်း ပီသသည်။ ချွေတာ သုံးစွဲတတ်သည်။ ထို့ကြောင့် ရွာသူရွာသားများက ချောင်၏ ဇနီးအား ချီးမွမ်းကြကာ မယ်လိမ္မာကလေး' ဟု ကင်ပွန်းတပ် ပြောဆိုကြလေသည်။ ချောင်လည်း ဇနီးချော ဇနီးကောင်းရ၍ များစွာပျော်ရွှင်နေ မိလေသည်။

တစ်နေ့တွင် မယ်လိမ္မာကလေးသည် အိမ်တွင် တစ်ဦးတည်း ရှိစဉ် လူနှစ်ယောက်အသံကျယ်လောင်စွာ ငိုယိုလျက် အိမ်ရှေ့မှ ဖြတ်သွားသည်ကို တွေ့မြင်လိုက်လေသည်။ မယ်လိမ္မာကလေးက သူတို့အား အဘယ့်ကြောင့် ငိုယိုရသနည်းဟု မေးမြန်းသည်။

ထိုသူတို့က သူတို့သည် ဘုရင့်မုဆိုးကျော်များဖြစ်ကြောင်း၊ ယခု သူတို့သည် ဘုရင်ကြီးအတွက် ချိုးငှက်အရှာထွက်ရာ တစ် ကောင်မျှ ဖမ်းဆီးမရရှိခဲ့ကြောင်း၊ ဘုရင်ကြီးသည် ချိုးငှက်သား ဟင်းမပါလျှင် စားတော်ခေါ်မည်မဟုတ်ကြောင်း၊ ထို့ကြောင့် ဘုရင် ကြီးက သူတို့အား ဒေါသဖြစ်ကာ ခေါင်းဖြတ်သတ်မည်ကို အလွန် ပင် စိုးရိမ်နေကြ၍ ငိုကြွေးနေကြခြင်းဖြစ်ကြောင်းဖြင့် ပြောဆိုကြ လေသည်။

သူတို့နှစ်ဦး၏စကားကိုကြားသော် မယ်လိမ္မာကလေးက သူတို့အား..

'အသင်တို့ဘာမှမပူနဲ့၊ ကျွန်မ သင်တို့ကို ကူညီမယ်၊ ဒီမှာ ခဏစောင့်' ဟုပြောဆိုကာ အိမ်ထဲသို့ဝင်သွားပြီး စက္ကူတစ်ရွက်ကို

mgyoe.com

mgyoe.com

ယူကာ ကတ်ကြေးဖြင့် ချိုးငှက်ပုံနှစ်ပုံကို ညှပ်လေသည်။ ထို့နောက် စက္ကူချိုးငှက်နှစ်ခုကို လေဖြင့် မှုတ်လိုက်သော် စက္ကူချိုးငှက်များသည် သက်ရှိချိုးငှက်များဘဝသို့ပြောင်းလဲသွားပြီး တံခါးပေါက်ဆီသို့ ပျံသန်းသွားလေသည်။ မုဆိုးနှစ်ဦးလည်း ချိုးငှက်များကို လျင်မြန်စွာ ဖမ်းဆီးယူလိုက်လေသည်။ ထို့နောက် မုဆိုးနှစ်ဦးသည် ဝမ်းမြောက်ဝမ်းသာစွာဖြင့် မယ်လိမ္မာကလေးအား နှုတ်ဆက်ကာ ချိုးငှက်နှစ်ကောင်ကိုပိုက်၍ ထွက်ခွာသွားကြလေသည်။

ထိုည ဘုရင်ကြီးသည် စားတော်ခေါ်ရာတွင် အရသာထူးကဲသော ချိုးငှက်သားဟင်းကို ခံတွင်းတွေ့သွားသည်။ ဘုရင်ကြီးက မုဆိုးများအား ချိုးငှက်ကို မည်သည့်နေရာက ရှာဖွေရရှိလာသနည်းဟု မေးသည်။ မုဆိုးနှစ်ဦးလည်း သူတို့သည် ချိုးငှက်နှစ်ကောင်ကို မယ်လိမ္မာကလေးဆီက ရရှိခဲ့ခြင်းဖြစ်ကြောင်း လျှောက်တင်ကြလေသည်။ ဤသို့ဖြင့် ဘုရင်ကြီးသည် ကျေးငှက်နှင့် သားရဲသတ္တဝါဆိုင်ရာဝန်ကြီးအား မယ်လိမ္မာကလေးထံသို့စေလွှတ်ကာ မယ်လိမ္မာကလေးအား ဘုရင့်နန်းတော်သို့ နေ့စဉ်ချိုးငှက်နှစ်ကောင်ကျလာရောက်ပို့ရမည်ဟု အမိန့်တော် ချမှတ်လိုက်လေသည်။

ကျေးငှက်နှင့် သားရဲသတ္တဝါဆိုင်ရာ ဝန်ကြီးလည်း ဘုရင့်အမိန့်တော်ကို သယ်ဆောင်ကာ မယ်လိမ္မာကလေးအိမ်သို့ရောက်ရှိလာလေသည်။ ဝန်ကြီးက မယ်လိမ္မာကလေးအား ဘုရင့်အမိန့်တော်ကို ပြောပြသည်။ ထိုအခါ မယ်လိမ္မာကလေးက...

'ကောင်းပြီ၊ ကျွန်မတို့တောင်ခြေရွာက ရွာသူရွာသားတွေထံ ကောက်ခံနေတဲ့ အခွန်အတုတ်တွေကို ရပ်ဆိုင်းပေးမယ်ဆိုရင် ကျွန်တော်မျိုးမ ဘုရင်ကြီးရဲ့အမိန့်အတိုင်း ချိုးငှက်နှစ်ကောင်ကို

mgyoe.com

mgyoe.com


ဘုရင်ကြီးဆီ နေ့စဉ်ပို့ဆက်ပါ့မယ်ဟု ပြန်လည်ပြောကြားလေသည်။

ဝန်ကြီးလည်း မယ်လိမ္မာကလေးအား ချိုးငှက်နှစ်ကောင်ကို နေ့စဉ်ဆက်သနိုင်မည်မဟုတ်ဟု ယူဆကာ မယ်လိမ္မာကလေး ပြောကြားသည့်အတိုင်း ဆင်းရဲသားများအပေါ် ကောက်ခံနေသည့် အခွန်အတုတ်ကောက်ယူမှုကို ရပ်ဆိုင်းပေးပါမည်ဟု ကတိပြုလိုက်လေသည်။

နောက်တစ်နေ့ နံနက်တွင် မယ်လိမ္မာကလေးသည် ခင်ပွန်းသည် ချောင်အား စက္ကူရုပ်ချိုးငှက်နှစ်ကောင်အား ပေးကာ ဘုရင်ကြီးထံယူဆောင်သွားရန် ပြောကြားလိုက်သေလည်။

ထိုအခါ ချောင်က...

'ဒီစက္ကူရုပ်ကို ယူသွားရမယ် ဟုတ်လား' ဟု အံ့သြထိတ်လန့်စွာ ပြန်ပြောလေသည်။

မယ်လိမ္မာကလေးက...

'ဟုတ်တယ်၊ ရှင် ဒီစက္ကူရုပ်ကို ယူသွားပါ။ ဘာမှမပူပါနဲ့၊ ယူသာယူသွားပါ' ဟု ဆိုသည်။

ထိုသို့ဖြင့် ချောင်သည် နန်းတော်သို့ ရောက်ရှိလာလေသည်။ ဘုရင့်ရှေ့တော်မှောက်သို့ရောက်သော် ချောင်သည် စက္ကူချိုးရုပ်ကို ထုတ်၍ ဘုရင်ကြီးအား ဆက်သလိုက်သည့်အခါ စက္ကူချိုးရုပ်နှစ်ကောင်သည် ချက်ချင်းပင် တကယ့် ချိုးငှက်နှစ်ကောင်ဘဝသို့ ပြောင်းလဲသွားလေတော့သည်။

ထိုအခါ ဝန်ကြီး၊ မှူးမတ်များ၊ နန်းတွင်းသူ၊ နန်းတွင်းသားများသည် ချိုးငှက်နှစ်ကောင်အား လိုက်လံဖမ်းဆီးကြလေသည်။

mgyoe.com

mgyoe.com


ဘုရင်ကြီးလည်း ဒေါသဖြစ်သွားကာ...

'ဒီလို ညစ်ပတ်ပေရေနေတဲ့ လယ်သမားကို ငါ့နန်းတော်ထဲ ဘာလို့ဝင်ခွင့်ပြုတာလဲ၊ သူ့မိန်းမကို ကိုယ်တိုင် နန်းတော်ဆီလာပါ လို့ပြောချေ' ဟု မိန့်ဆိုလိုက်လေသည်။

နောက်တစ်နေ့တွင် မယ်လိမ္မာကလေးသည် နန်းတော်သို့ ရောက်ရှိလာလေသည်။ ဘုရင်ကြီးသည် အလွန်ချောမောလှပ သော မယ်လိမ္မာကလေးကိုမြင်သော် ရာဇဏ္ဍြေကို မဆည်နိုင်ဖြစ် ကာ သလွန်ပေါ်မှ ကျလုနီးပါးဖြစ်သွားသည်။ ထို့နောက် ဘုရင် ကြီးသည် မယ်လိမ္မာကလေးအား...

'အသင်ဟာ သိပ်ချောမောလှပပါပေတယ်၊ ဘာလို့ဆင်းရဲ သား လယ်သမားကို လက်ထပ်ရတာလဲ၊ ငါ့မိဖုရားအဖြစ် ခံယူပြီး ငါနဲ့အတူ လာနေပါလား' ဟု အရှက်မဲ့စွာမိန့်ဆိုလေသည်။

မယ်လိမ္မာကလေးသည် ဘုရင်ကြီး၏စကားကိုကြားသော် ချက်ချင်းပင်...

'ကျွန်တော်မျိုးမ ခင်ပွန်းသည်ဟာ အရှင်မင်းကြီးထက် အစစ အရာရာသာပါတယ်၊ သူ့ကိုထားခဲ့လို့ မဖြစ်ပါဘူး' ဟုပြောဆိုကာ နန်းတော်ထဲမှ ပြေးထွက်သွားလေသည်။ သူ့ကို မည်သူမျှ မတား ဆီးလိုက်နိုင်ပေ။

ဘုရင်ကြီးလည်း ဒေါသအလွန်ထွက်ကာ...

'သူ့ယောကျ်ားဟာ ငါ့ထက်သာတယ်လို့ ဘာလို့ပြောနိုင်တာ လဲ' ဟု ဆိုမြည်သည်။ ထို့နောက် ရဲမက်တော်များအား ချောင်ထံ သို့စေလွှတ်ကာ ချောင်အား သူနှင့်မြင်းစီးပြိုင်၍နိုင်သူက မယ်လိမ္မာ ကလေးအား ရယူရမည်ဖြစ်ကြောင်း စိန်ခေါ်လိုက်လေလည်း။

mgyoe.com

mgyoe.com


ရဲမက်တော်များထံမှ ဘုရင်ကြီး၏စိန်ခေါ်သည့်မိန့်ဆိုချက်ကိုကြားသော် ချောင်သည် များစွာ စိုးရိမ်ထိတ်လန့်သွားသည်။ မယ်လိမ္မာကလေးကမူ လုံးဝ စိုးရိမ်မှုမဖြစ်ပေ။ မယ်လိမ္မာကလေးက ချောင်အား...

'ရှင်ဘာမှစိတ်မပူနဲ့၊ ရှင်မရှုံးစေရဘူး' ဟု အားပေးကာ စက္ကူများကို အသုံးပြုပြီး မြင်းရုပ်ကြီးတစ်ရုပ်ကို ပြုလုပ်လေသည်။ ထို့နောက် မယ်လိမ္မာကလေးသည် မြင်းရုပ်ကြီးကို လေဖြင့်မှုတ်လိုက်သည့်အခါ မြင်းရုပ်ကြီးသည် ချက်ချင်းပင် တကယ့်သက်ရှိမြင်းဖြူမကြီးဖြစ်လာလေသည်။

နောက်တစ်နေ့တွင် ဘုရင်ကြီးနှင့် ချောင်တို့မြင်းအပြေးပြိုင်ပွဲကြီး စတင်လေသည်။ ဘုရင်ကြီး၏အလွန်ကြီးမားသော စစ်မြင်းနက်ကြီးသည် လျင်မြန်စွာဖြင့် ရှေ့မှပြေးနေလေသည်။ ဘုရင်ကြီးသည် နောက်တွင် ရောက်နေသော ချောင်အား လှည့်ကြည့်ကာ အောင်နိုင်ပြုံးဖြင့် ချောင်အား လှောင်ပြောင်နေလေသည်။

သို့သော် ဘုရင်ကြီး ပန်းဝင်ခါနီးတွင် ချောင်၏မြင်းဖြူကြီးသည် ရုတ်တရက် လျင်မြန်သော အဟုန်ဖြင့် ပန်းတိုင်သို့ ပြေးဝင်လိုက်လေသည်။ ရွှေပွဲလာဧည့်ပရိသတ်များလည်း ချောင်အားကောင်းချီးသြဘာပေးကြလေသည်။

ထိုအခါ ဘုရင်ကြီးက ချောင်အား...

'မြင်းပြိုင်ပွဲနဲ့ အနိုင်အရှုံးဆုံးဖြတ်လို့ မရသေးဘူး၊ လှေပြိုင်ပွဲတစ်ခုကျန်သေးတယ်၊ အဲဒီလှေပြိုင်ပွဲမှာ သင်နိုင်မှ သင်ဟာ သင့်ဇနီးကို ပိုင်ဆိုင်ခွင့်ရှိမယ်၊ ကဲ... မနက်ဖြန် သင်နှင့်ကျွန်ုပ် လှေပြိုင်ကြရအောင်' ဟု ပြောကြားမိန့်ဆိုလိုက်လေသည်။

mgyoe.com

mgyoe.com


ထိုသို့ဖြင့် ချောင်တို့ဇနီးမောင်နှံသည် တစ်ညလုံး ထင်းရှူး လှေကြီးတစ်စင်းကို တည်ဆောက်ကြလေသည်။ လှေပွဲပိုင်းတွင် သံမဏိအသွားကဲ့သို့ ချွန်မြကာ လှေပွဲအားတစ်စုံတစ်ခု လာထိပါက ကွဲပြတ်သွားစေရန် စီမံထားသည်။ မယ်လိမ္မာကလေး၏ စီမံချက်ဖြစ်ပါသည်။

မကြာမီ လှေပြိုင်ပွဲကြီးစတင်သည်။ ချောင်၏ လှေသည်ရှေ့မှပြေးနေလေသည်။ ဘုရင်ကြီးသည် ချောင်၏နောက်မှ အားကုန် လှော်ခတ်နေသည်။ ဉာဏ်များသည့်ဘုရင်ကြီးသည် လှေဦးဖြင့် ချောင်လှေအား နောက်မှဆောင့်ထိုး၍ လှေမှောက်စေရန် ကြံစည်သည်။ ကမ်းနဖူးတွင် လှေပြိုင်ပွဲကို ကြည့်ရှုနေကြသူ လူများက ချောင်အား သတိပေးကြသည်။ နောက်တစ်ကြိမ် ဘုရင်ကြီး၏ လှေဦးသည် ချောင်၏ချွန်ထက်နေသော ပွဲပိုင်းကို ဝင်တိုးမိသွားသည်။ ထိုအခါ ချက်ချင်းပင် ဘုရင်ကြီး၏လှေဦးကြီးသည် ပေါက်ကွဲပြိထွက်သွားကာ ဘုရင့်လှေကြီးသည် နစ်မြုပ်သွားလေသည်။ ဘုရင်ကြီးလည်း ရေထဲသို့ကျသွားလေသည်။ မှူးမတ်ဝန်ကြီးများက ဘုရင်ကြီးအား ရေထဲမှ ဆယ်တင်ကြရလေသည်။ ဘုရင်ကြီးလည်း အအေးမိကာ နာမကျန်းဖြစ်လေသည်။

ထို့နောက် ဘုရင်ကြီးက...

'အခု ငါ့ရဲ့ဝတ်လဲတော် စုတ်ပြဲပျက်စီးကုန်ပြီ' ဟု စူးစူးဝါးဝါး အော်မြည်ကာ ချောင်အား...

'သင်... ငါကိုယ်တော်မြတ်ထံမှ ငှက်မွေးတွေနဲ့ ရက်လုပ်တဲ့ ဝတ်လဲတော် အသစ်တစ်ထည် ဆက်သရမယ်၊ အဲဒီဝတ်လဲတော် ပေါ်မှာ နေရောင်ထွန်းလင်းတောက်ပနေတဲ့ ပင်လယ်ကြီးကို ရေး

mgyoe.com

mgyoe.com


ဆွဲပြီး နဂါးတစ်ကောင်နဲ့၊ မီးငှက်တစ်ကောင် မြူးပျော်နေဟန်ကို ရေးထိုးပေးရမယ်၊ ဝတ်လဲတော်ကို သုံးရက်အတွင်း ဆက်သရမယ်၊ မဆက်သနိုင်ရင်တော့ သင့်ခေါင်းအပြတ်ပဲ' ဟု ဒေါသတကြီးမိန့် ဆိုလေသည်။

ချောင်လည်း 'ဒီတစ်ခါတော့ ကိုယ်ကျိုးနည်းပြီ' ဟူ၍စိတ် ပျက်ဝမ်းနည်းစွာဖြင့် အိမ်သို့ပြန်လာလေသည်။ ထို့နောက် သူ့ဇနီး မယ်လိမ္မာအား ဘုရင်ကြီးစေခိုင်းချက်ကို ပြောပြလေသည်။ မယ် လိမ္မာက ချောင်အား ဘာမျှစိတ်မပူရန် ပြောဆိုသည် ထို့နောက်...

'ကျွန်မကို စက္ကူငှက်ရုပ်တွေ တော်တော်များများပြုလုပ်ဖို့ အရွယ်တူ ဆိုက်တူ ငှက်ရုပ်ပုံတွေ ဝိုင်းကူညှပ်ပေးပါ' ဟု စေခိုင်း သည်။ စက္ကူငှက်များ ရရှိသော် အဆိုပါအရုပ်များကို လေထဲသို့ ကြဲဖြန့်ကာ...

'ငှက်ကလေးတွေ လေထဲမှာ ပျံကြပါ၊ ယနေ့အဖို့ ကျွန်ုပ် အတွက် သင်တို့ကိုယ်ခန္ဓာမှ အမွေးတွေ ချွတ်ပေးကြပါလားကွယ်' ဟု ပြောဆိုလိုက်လေသည်။

ထိုအခါ ညနေခင်းကောင်းကင်ကြီးတစ်ခုလုံးတွင် ထောင် ပေါင်းများစွာသော ငှက်များဖြင့် ပြည့်သွားပြီး အလွန်လှပပြီး အ ရောင်အသွေးမျိုးစုံသော ငှက်မွေးများသည် ကောင်းကင်မှ ဝဲပျံကာ တဖြည်းဖြည်းကျဆင်းလာလေသည်။ မကြာမီ ငှက်မွေးများသည် မြေပြင်ကြီးတစ်ခုလုံးကို ထူထပ်စွာ ဖုံးအုပ်သွားလေသည်။

ချောင်နှင့် မယ်လိမ္မာတို့သည် ငှက်မွေးများကိုယူကာ ဝတ် လဲတော်ရက်လုပ်ရန် ဗိုင်းငင်လေသည်။ ထို့နောက် ငှက်မွေးမျှင် များဖြင့် အဝတ်ကိုရက်လုပ်လေသည်။ အဝတ်ရက်လုပ်ပြီးသော်

mgyoe.com

mgyoe.com


ဝတ်လဲတော်ပေါ်တွင် မီးငှက်တစ်ကောင်နှင့် နဂါးတစ်ကောင်အရုပ်တို့ကို လှပစွာ ရေးဆွဲသည်။ လက်စမသတ်နိုင်သေးပေ။ ထို့ကြောင့် ချောင်သည် ဝမ်းနည်းပူဆွေးကာ ငိုယိုလေ သည်။ ဘုရင့်ဝတ်လဲတော်ကို သုံးရက်အတွင်း မပြီးစီးပါက သူ့ခေါင်းအဖြတ်ခံရမည် မဟုတ်ပါလော။

သို့သော် ကံအားလျော်စွာ ချောင်၏မျက်ရည်များသည် ဝတ်လဲတော်ပေါ်သို့ကျသွားလေရာ ဝတ်လဲတော်ပေါ်တွင် ချက်ချင်းပင် ပင်လယ်ပြင်ပုံကြီး ပေါ်လာလေသည်။

မယ်လိမ္မာကလေးလည်း အလုပ်ပြီးချင်ဇောဖြင့် ဝတ်လဲတော်တွင် ပန်းထိုးနေရာ အပ်သည် သူ့လက်ကို ထိုးမိသွားလေသည်။ ထိုအခါ လက်မှသွေးများသည် ဝတ်လဲတော်ပေါ်သို့ ကျဆင်းသွားရာ ဝတ်လဲတော်ပေါ်တွင် နေမင်းပုံကြီးကို ပုံဖော်ပြီးသား ဖြစ်သွားလေသည်။ ထိုသို့ဖြင့် ဘုရင့်ဝတ်လဲတော်ကြီးသည် ဘုရင်ကြီး သတ်မှတ်ထားသည့်ရက်အတိုင်း သုံးရက်အတွင်း လုံးဝ ပြီးစီးသွားလေသည်။

ချောင်တို့ဇနီးမောင်နှံလည်း ဝတ်လဲတော်ကြီးအား နန်းတော်သို့ ယူဆောင်သွားကြလေသည်။ ဘုရင်ကြီးလည်း အလွန်လှပသော ဝတ်လဲတော်ကြီးကို မြင်သော် များစွာနှစ်သက်ကာ အလွန်အံ့သြသွားသည်။ သို့သော် ဘုရင်ကြီးသည် သူ့အကြံအစည်ပျက်သွား၍ မည်သို့ဆက်လက်ကြံစည်ရမည်ကို စဉ်းစားနေလေသည်။ သူသည် မယ်လိမ္မာကလေးကို ရယူလိုသည်ဖြစ်၍ မယ်လိမ္မာလေးအား လက်မလွှတ်ချင်သေးပေ။ ထို့ကြောင့် ဘုရင်ကြီးက မယ်လိမ္မာကလေးအား...

mgyoe.com

mgyoe.com


'ငါ့မျက်စိရှေ့မှောက်မှာ နောက်ဝတ်လဲတော် တစ်ထည် ရက်လုပ်ပေးပါ' ဟု ပြောဆိုလေသည်။

ထိုအခါ မယ်လိမ္မာကလေးက...

'အရှင်မင်းကြီး ဆန္ဒရှိတော်မူရင် တစ်ထည်မကပါဘူး၊ ၁၀ ထည်တောင် ပြုလုပ်ပေးပါ့မယ်၊ အခု အရှင်မင်းကြီး ဒီဝတ်လဲ တော်ကို ဆင်မြန်းကြည့်ပါဦး၊ ကျွန်တော်မျိုးမတို့ ပင်ပင်ပန်းပန်း ခက်ခက်ခဲခဲ ပြုလုပ်ရတာပါ၊ အရှင်မင်းကြီးဝတ်လဲတော် တော် မတော် ကျွန်တော်မျိုးမတို့မြင်တွေ့ချင်ပါတယ်' ဟု ပြောဆိုလေ သည်။

ဘုရင်ကြီးလည်း 'ကောင်းလှပြီ' ဟုဆိုကာ တောက်ပနေ သော ဝတ်လဲတော်ကြီးကို ကိုယ်တွင် ဆင်မြန်းလိုက်သည်။ မယ် လိမ္မာကလေးလည်း ဘုရင်ကြီး၏ကိုယ်ပေါ်တွင် ဆင်မြန်းထား သော ဝတ်လဲတော်ကြီးကို လေဖြင့် မှုတ်လိုက်လေသည်။ ထိုအခါ ဝတ်လဲတော်ပေါ်တွင် ရေးထိုးထားသော ပင်လယ်ရုပ်ပုံကြီးသည် ချက်ချင်းပင် တကယ့်ပင်လယ်ကြီးဖြစ်သွားလေသည်။ ပင်လယ် ပြင်ရှိ လှိုင်းလုံးများသည် တဖြည်းဖြည်း မြင့်တက်လာလေသည်။ ဘုရင်ကြီးသည် လှိုင်းလုံးများကြားတွင် နစ်လိုက်ပေါ်လိုက်ဖြစ် နေရာ မှူးမတ်ဗိုလ်ပါများက ဘုရင်ကြီးအား လှိုင်းလုံးကြားမှ ဆွဲတင်ရန် ကြိုးစားကြလေသည်။ သို့သော် ဘုရင်ကြီးနှင့်တကွ မှူးမတ်ဗိုလ် ပါနန်းတော်သူ နန်းတော်သားများသည် လှိုင်းကြီး နေသော ပင်လယ်ထဲတွင် အားလုံးနစ်မြုပ် သေဆုံးကုန်ကြလေ သည်။

ချောင်နှင့် မယ်လိမ္မာကလေးလည်း ဘုရင်ကြီးက အခမ္မ

mgyoe.com

mgyoe.com


သိမ်းပိုက်ထားသည့် မိန်းကလေးများအား မိမိအရပ်ဒေသသို့ ပြန်ရန် ခေါ်ဆောင်လာခဲ့ကြလေသည်။ သူတို့သည် ပင်လယ်ကမ်းစပ်တွင် ရပ်ကာ ပင်လယ်ပြင်ပေါ်တွင် မေးတင်လျက်ရှိသော နေလုံးနီနီကြီးကို ငေးမောကြည့်ရှုနေကြလေသည်။

ထိုအချိန်တွင် ကောင်းကင်တစ်ခွင် တစ်ပြင်လုံးတွင် ထောင်ပေါင်းများစွာသော ငှက်များရောက်ရှိလာကြလေသည်။ ငှက်များသည် ကောင်းကင်တွင် ဝဲပျံရင်း...

'ဘဝလွတ်မြောက်မှုအတွက်
ဆက်လက် ပျံပါ၊ ပျံပါ၊ ပျံပါ
ကျေးဇူးအထူးတင်လှစွာ
အဖွဲ့ဖွယ် ဇနီးမောင်နှံ
ချောင်နှင့် မယ်လိမ္မာကလေးရာ
ကျန်းမာချမ်းသာ ပျော်ရွှင်စွာ
ရာသက်ပန်လုံး နေထိုင်သွားကြပါ...'

ဟူ၍ သီကြွေးနေကြလေသည်။

Hsiung Sai-Sheng and Yu Chin တို့၏
Mistress Clever, Chinese Folk Tale...

□

mgyoe.com

mgyoe.com




# လောဘကြီးတဲ့တူပိုး

တစ်ခါတုန်းက တရုပ်ပြည်ရှိ ရွာကလေးတစ်ရွာမှာ 'တူပိုး' ဆိုတဲ့ ယာသမားကလေးတစ်ယောက် ရှိလေတယ်။ သူဟာ ယာကေအနည်းငယ်၊ လုံလုံခြုံခြုံအိမ်ကလေးတစ်လုံးနဲ့ နွားထီးတစ်ကောင် ပိုင်ဆိုင်တာမို့ ရွာမှာတော့ အတော်အသင့်နေနိုင်၊ စားနိုင်ချမ်းသာသူလို့ဆိုရမှာ ဖြစ်တယ်။ ဒါပေမဲ့ တူပိုးဟာ ဘယ်တော့မှ အလိုမပြည့်နိုင်ဘူးဖြစ်နေတယ်။ ရောင့်ရဲတင်းတိမ်နိုင်မှု မရှိဘူးတဲ့။ အမြဲပဲ မကျေမနပ်ဖြစ်နေသတဲ့။

"မိုးနတ်မင်းကြီး မတရားဘူး။ ရွာမှာ မြေပိုင်ရှင်ကြီးလော့လီးက ဘာလို့အချမ်းသာဆုံးဖြစ်နေရတာလဲ။ နေရာတကာမှာ သူ့ထက်ငါက သာတာပဲ။ ငါသာ အချမ်းသာဆုံးဖြစ်ရမှာ။ သူမဟုတ်ဘူး"

mgyoe.com

mgyoe.com


တူပိုးဟာ စိတ်ကူးယဉ်အိပ်မက်ကိုလည်း မရပ်ဘူးတဲ့။

"ငါဟင်းသီးဟင်းရွက်၊ သီးနှံတွေစိုက်ပျိုးဖြစ်ထွန်းလာသလို ငွေတွေအမြောက်အမြား တိုးပွားလာစေရမယ်"

တူပိုးဟာ အပတ်စဉ်တိုင်း ဘုရားကျောင်းသွားပြီး တခြားဘာဆုမှမတောင်းဘဲ ငွေတွေ၊ ရွှေတွေရရှိဖို့သာ ဆုတောင်းနေသတဲ့။ တစ်နေ့ နံနက်ခင်းမှာ သူဟာ ဘုရားကျောင်းကအပြန်မှာ လမ်းမှာ "ကယ်ကြပါ... ကယ်ကြပါ" ဆိုတဲ့ အသံတစ်သံကို ကြားလိုက်ရတယ်။ တူပိုးဟာ အသံကြားရာကို သွားကြည့်တဲ့အခါမှာတော့ သစ်ပင်နှစ်ပင်ကြားမှာ ခြေထောက်ကို ကြိုးနဲ့ချည်ပြီး သစ်ပင်မှာ ဇောက်ထိုးဆွဲထားခံရသလို မိန်းမချောကလေး တစ်ယောက်ကို တွေ့ရတယ်။

မိန်းကလေးက တူပိုးကိုတွေ့တော့ အားရဝမ်းသာစွာနဲ့ "တူပိုး ရယ်... ကျွန်မကို ကျေးဇူးပြုပြီး ကယ်ပါရှင်" လို့ နာမည်ကို ခေါ်ပြီး အကူအညီတောင်းသတဲ့။

တူပိုးဟာ သူ့နာမည်ကိုတောင် သိနေသူမို့ အံ့ဩသွားပြီး

"သင်... ဘယ်သူလဲ။ ကျွန်ုပ်နာမည်ကို ဘယ်လိုလုပ်သိသလဲ" လို့မေးလိုက်တယ်။

အဲဒီအခါ မိန်းကလေးက

"ကျွန်မဟာ ဒီရွာကို စောင့်ရှောက်တဲ့ နတ်သမီးဖြစ်ပါတယ်။ ကျွန်မဟာ ဒီရွာက လူတွေရဲ့အမည်၊ တိရစ္ဆာန်အမည်တွေသာမက ပိုးမွှားကောင်တွေပါမကျန် အကုန်သိ ပါတယ်။ အခု ကျွန်မဟာ မကောင်းဆိုးဝါးကောင် ပင့်ကူကြီးရဲ့ ပင့်ကူအိမ်မှာ ဖမ်းမိထားခံရပါတယ်။ ကျွန်မကို ပင့်ကူအိမ်က ကယ်မထုတ်ရင် ပင့်ကူကြီး

mgyoe.com

mgyoe.com


ပြန်လာပြီး ကျွန်မကို စားပါလိမ့်မယ်” လို့ ပြောလေတယ်။

အဲဒီအခါ တူပိုးက

“ဟာဟ… ဒီစကားမျိုး ဒီတစ်ခါပဲ ကြားဖူးတယ်။ ပင့်ကူအိမ်မှာ နတ်သမီးအဖမ်းခံရတယ်… ဟုတ်လား။ အသင်ဟာ နတ်သမီးအစစ်ဆိုရင် တန်ခိုးတွေသုံးပြီး လွတ်အောင်လုပ်လို့ မရဘူးလား” လို့ မေးလေတယ်။

“ကျွန်မလက်တွေ ချုပ်နှောင်ခံထားရလို့ တန်ခိုးကို သုံးလို့ မရပါဘူး”

“ဒါဖြင့်… ကျွန်ုပ်က ဘယ်လိုကူညီပေးရမလဲ”

‘ရေယူလာပြီး ပင့်ကူအိမ်ပေါ် ဖျန်းပက်လိုက်ပါ။ ဒါဆိုရင် ပင့်ကူအိမ်က ကျွန်မလွတ်ကျွတ်သွားပါလိမ့်မယ်”

တူပိုးဟာ နတ်သမီးရဲ့စကားကို ကြားပြီး ခဏလောက် စဉ်းစားကာ



mgyoe.com

"သင့်ကို ကျွန်ုပ်ကူညီတဲ့အတွက် ကျွန်ုပ်ကို ဘာပေးမလဲ" လို့ သူ့ရဲ့လောဘစိတ်ကို မထိန်းနိုင်ဘဲ မေးလိုက်တယ်။

နတ်သမီးက လေးလေးနက်နက်စဉ်းစားပြီးနောက်

"ရှင့်မှာ လယ်ယာမြေတွေရှိတယ်ဆိုတာ ကျွန်မသိပါတယ်။ ဒါ့ကြောင့် လယ်ယာတွေ ထွန်ယက်ဖို့ နွားသုံးကောင်ပေးပါ့မယ်" လို့ ပြောဆိုလေတယ်။

"ကျွန်ုပ် နွားသုံးကောင်ကို မလိုချင်ဘူး။ ကျွန်ုပ်ဆီမှာရှိတဲ့ နွားတစ်ကောင်တည်းက ကျွန်ုပ်ရဲ့လယ်ယာတွေအားလုံးကို ထွန်ယက်ပေးနိုင်တယ်"

အဲဒီအခါ နတ်သမီးက

"ဒါဖြင့် သင့်လယ်ယာမြေ နှစ်ဆပေးမယ်လေ" လို့ ပြောလေတယ်။

"ကျွန်ုပ် လယ်ယာမြေတွေ မလိုချင်တော့ပါဘူး။ အသင်နတ်သမီး ကျွန်ုပ်လိုချင်တာ ပေးနိုင်မလား"

နတ်သမီးက မျက်မှောင်ကြုတ်ကာ

"အင်း... ဒါဖြင့် အခုသင့်အိမ်ထက်ကြီးမားတဲ့ အိမ်ကြီးသုံးအိမ်ပေးမယ်။ အိမ်ရဲ့ဝေယျာဝစ္စတွေ လုပ်ပေးမယ့် အိမ်ဖော်သုံးဦးကို ထည့်ပေးဦးမယ်။ ဒါဆို မကောင်းဘူးလား" လို့မေးလိုက်လေတယ်။

"ဒီလောက်အိမ်ကြီးကြီးက ကျွန်ုပ်အတွက် ဘာမှအသုံးဝင်မှာ မဟုတ်ပါဘူး။ ကျွန်ုပ်က တစ်ယောက်တည်းသမားပါ။ အိမ်ဖော်ထားရင်လည်း စရိတ်စက ကြီးပါဘိ။ သူတို့တွေ အစားကြီးတာလည်း လွန်ရောပဲ" လို့ တူပိုးက ငြင်းဆိုပြန်လေတယ်။

mgyoe.com

mgyoe.com

"ကဲ... ဒါဖြင့် သင့်ကို ဇနီးချောတစ်ယောက်၊ သားတစ်ယောက်နဲ့ သမီးတစ်ယောက်ပေးမယ်လေ"

'မယူပါရစေနဲ့ နတ်သမီးရယ်" လို့ ခေါင်းခါယမ်းကာ "အသင်နတ်သမီး... ကျွန်ုပ်ကိုပေးဖို့ ထူးခြားတဲ့အရာ မရှိဘူးလား" လို့ မေးလိုက်လေတယ်။

နတ်သမီးက တူပိုးရဲ့စကားကို အတော်ကြာကြာစဉ်းစားပြီး "အင်း... ငါ့မှာ ထူးခြားတဲ့ ပစ္စည်းဆိုလို့ ငွေမှုန်တွေထည့်ထားတဲ့ ပုလင်းလေး ၆ ပုလင်းရှိတယ်" လို့တွေးမိကာ

"ကျွန်ုပ် ထူးခြားတဲ့ပစ္စည်း သင့်ကိုပေးမယ်။ အဲဒါက ငွေမှုန် ၆ ပုလင်းပါပဲ။ ဘယ်အရာဝတ္ထုပေါ်ကို မဆိုပုလင်းထဲက ငွေမှုန်နဲ့ဖြူးလိုက်ရင် အဲဒီအရာဝတ္ထုဟာ ၁၀ ဆ ကြီးသွားပါ့မယ်။ ယူမယ်မဟုတ်လား။ ဒါယူပြီး ကျွန်ုပ်ကို ပင့်ကူအိမ်က ထုတ်ပေးပါ" လို့ဆိုလေတယ်။

တူပိုးဟာ နတ်သမီးရဲ့စကားကို အတော်စိတ်ဝင်စားသွားတယ်။ စိတ်လှုပ်ရှားသွားတယ်။ သူ့မျက်လုံးလည်း ပြူးကျယ်သွားတယ်။ သူဟာ လက်ဝါးရိုက်လိုက်ကာ

"နတ်သမီး ပြောတယ်နော်... ငွေမှုန် ၆ ပုလင်းဆိုတာ" လို့ အားရပါးရဆိုလိုက်တယ်။

နတ်သမီးက ခေါင်းညိတ်ပြလိုက်တယ်။

"အဲဒီ ငွေမှုန်တွေက ဘယ်အရာဝတ္ထုတွေမဆို ဖြူးရင် ၁၀ ဆကြီးတာ အမှန်ပဲနော်" လို့ တူပိုးက ထပ်ကာ မေးလိုက်တယ်။

နတ်သမီးက ခေါင်းညိတ်ပြလိုက်ပြန်တယ်။

"ရွှေလည်းပါတယ်နော်"

mgyoe.com

နတ်သမီးက ခေါင်းညိတ်ပြလိုက်ပြန်လေတယ်။

"အဲဒီရွှေပေါ် ငွေမှုန်တွေဖြူးလိုက်ရင် ၁၀ ဆကြီးပါတယ်နော်" လို့ သူ့မျက်လုံးကြီးပေါက်ထွက်သွားမတတ် ပြူးကျယ်ကာ မေးလိုက်ပြန်လေတယ်။

ဒီတစ်ခါတော့ နတ်သမီးလည်း စိတ်မရှည်နိုင်တော့။

"ဟုတ်တယ်... ဟုတ်တယ်... ဟုတ်တယ်။ သင်နားပင်းနေသလား။ ကျွန်ုပ်ပြောတာကို ဘာလို့မကြားတာလဲ" လို့ နတ်သမီးက ဒေါသနဲ့ပြောလိုက်လေတယ်။

တူပိုးဟာ အရမ်းပျော်သွားတယ်။ "အခု ကျွန်ုပ်တို့နှစ်ဦးသဘောတူညီချက်ရသွားပါပြီ။ ကျွန်ုပ်သာ ပင့်ကူအိမ်ကို ရေဖျန်းပက်ပေးဖို့ပဲ ရှိပါတော့တယ်" လို့ ပြုံးရယ်ကာ ပြောဆိုလိုက်လေတယ်။

"မှန်လိုက်လေ။ ကဲ... မြန်မြန်လေးလုပ်ပါ" လို့ အော်ပြောလိုက်လေတယ်။

တူပိုးဟာ ပတ်ဝန်းကျင်သို့ အမြန်သွားကာ ရေရှာတယ်။ နတ်သမီးရဲ့နောက်ဘက် မနီးမဝေးမှာ ကြီးမားတဲ့ ရေအိုင်ကြီးတစ်အိုင်ကို တွေ့တယ်။

"ဒီရေကိုယူပြီး ဖျန်းမယ်" လို့ဆိုကာ ရေအိုင်ဆီသို့ ပြေးသွားတယ်။ ဒါပေမဲ့ ရေဟာ အရမ်းနောက်နေပြီး ရွှံ့ရေတွေဖြစ်နေတယ်။ သူဟာ အပေါ်ရေကြည်ကို လက်ခုပ်နဲ့ ခပ်ယူကာ အပြေးလာခဲ့တယ်။ ဒါပေမဲ့ ရေတွေဟာ သူ့လက်ကြားက ယိုထွက်ကုန်တာမို့ တစ်ခဏလေးနဲ့လက်ထဲမှာ ရေတွေ လုံးဝမကျန်တော့ဘဲ ဖြစ်သွားတယ်။

mgyoe.com

mgyoe.com

တူပိုးလည်း ရေအိုင်ဆီသို့ပြန်လာကာ ရေတွေကို လက်ခုပ်နဲ့ခပ်ယူပြီး ပထမတစ်ခေါက်ထက် ပိုပြီးမြန်မြန်ပြေးလာခဲ့တယ်။ ပထမတစ်ခါကလိုပဲ လက်ထဲက ရေတွေ လက်ကြားထဲက ယိုထွက်ကုန်လို့ ပင့်ကူအိမ်ပေါ် လက်မှာကပ်နေတဲ့ ရေတွေကို ခါထုတ်ပေမယ့် ပင့်ကူအိမ်ကို ရေတစ်စက်မျှ မထိသေးဘူးတဲ့။

နတ်သမီးက သူ့နောက်မှာ လှုပ်ရှားနေတဲ့ တူပိုးအား

"အသင်... ဘာလုပ်နေတာလဲ။ ပြန်သွားလိုက်၊ ပြန်လာလိုက်နဲ့" လို့ စိတ်မရှည်စွာ မေးလိုက်လေတယ်။

"ကျွန်ုပ် ပင့်ကူအိမ်ပေါ် ရေဖျန်းပက်လို့မရသေးပါဘူး။ ရေတွေကို လက်ခုပ်နဲ့ ယူလာပေမယ့် ရေတွေ လက်ကြားထဲက ယိုဆင်းကုန်ပါတယ်" လို့ တူပိုးက စိတ်ပျက်စွာ ဆိုလေတယ်။

"အသင်ဟာ တော်တော်မိုက်မဲတာပဲ။ ရေထည့်ဖို့ပစ္စည်း တစ်ခုခုရှာပေါ့လား" လို့အော်ပြောလိုက်လေတယ်။

တူပိုးလည်း ရေကိုထည့်ဖို့ ပစ္စည်းလိုက်လံရှာဖွေရာ မတွေ့ခဲ့ပေ။ နောက်ဆုံးသူသည် အကြံတစ်ခုရကာ ကြီးမားတဲ့ သစ်ရွက်နှစ်ရွက်ကို ဆွတ်ခူးကာ သူ့ရှူးဖိနပ်နှစ်ဖက်ကို ချွတ်၍ ရှူးဖိနပ်နှစ်ဖက်ထဲ သစ်ရွက်နှစ်ရွက်ကို ဖြန့်ခင်းလိုက်လေတယ်။

"ဒါဆို ရေသယ်တဲ့ ပစ္စည်းနှစ်ခုရသွားပြီ။ ရေယိုစရာအကြောင်း မရှိတော့ဘူး။ ကဲ... အကြံမပိုင်ဘူးလား" လို့ သူ့ကိုယ်သူ ကျေနပ်ကာ ပျော်ရွှင်မိသွားတယ်။

တူပိုးဟာ ရေအိုင်ဆီသွားပြီး ရှူးဖိနပ်နှစ်ဖက်ထဲရေကို ဖိနပ်နှုတ်ခမ်းအထိ အပြည့်ဖြည့်ကာ သေသေချာချာကိုင်ပြီး နတ်သမီးဆီ ယူလာခဲ့တယ်။ နတ်သမီးဆီရောက်ရောက်ချင်း တူပိုးဟာ

mgyoe.com

mgyoe.com

ချက်ချင်းပဲ ဖိနပ်ထဲက ရေတွေနဲ့ ပင့်ကူအိမ်ကို လှမ်းပက်ဖျန်းလိုက်တယ်။ ရေတွေဟာ နတ်သမီးတစ်ကိုယ်လုံးကို ရွှဲရွှဲစိုသွားတယ်။

နတ်သမီးလည်း ပင့်ကူအိမ်မှ မြေပြင်ပေါ်သို့ ဇောက်ထိုး ပြုတ်ကျလာတယ်။ နတ်သမီးဟာ နာကျင်လို့ 'အား' လို့ အော်ဟစ်လိုက်တယ်။ မြေပြင်ပေါ် ခေါင်းနဲ့ ဆောင့်မိတာမို့ ခေါင်းမှာ ဖူးရောင်လာတယ်။ နတ်သမီးဟာ သူ့ကိုယ်ကို ကြည့်လိုက်ပြီး

"ငါ့တစ်ကိုယ်လုံးလည်း ညစ်ပတ်နေပါလား" ဆိုပြီး အလန့်တကြားနဲ့ ထရပ်လိုက်ကာ

"အသင် ရေတွေ ဘယ်လိုပက်ဖျန်းလိုက်တာလဲ။ ကျွန်ုပ်သင့်ကို ပြောထားတယ် မဟုတ်လား။ ရေကို ပင့်ကူအိမ်ကိုသာ ပက်ဖျန်းပါ။ ကျွန်ုပ်ကို မပက်ဖျန်းပါနဲ့လို့ အခု… ကြည့်၊ သင့်လုပ်ပုံက ကောင်းသေးရဲ့လား။ သင်ဟာ အရူးအနှမ်းတစ်ယောက်ပဲ" လို့ အော်မြည်လေတယ်။

တူပိုးလည်း နတ်သမီးပြောစကားကို နားမဝင်နိုင်ဘဲ သူ့ရှူးဖိနပ်ကို ပြန်စီးကာ

"ကဲ… နတ်သမီး၊ သင်လည်း ပင့်ကူအိမ်က လွတ်ပြီ။ ကျွန်ုပ်ကို ငွေမှုန်ပုလင်းတွေပေးပေတော့" လို့ တောင်းလိုက်လေတယ်။

နတ်သမီးဟာ တူပိုးရဲ့စကားကို နားကြားပေမယ့် သူ့ကိုယ်ကို ညစ်ပတ်တဲ့ရေတွေ သုတ်ခါနေလို့ အလုပ်များနေလေတယ်။

"ကျွန်ုပ် မိုက်မဲလှတဲ့ မကောင်းဆိုးဝါးကောင်ပင့်ကူကို ဆုံးမဖို့ သူ့ရဲ့ခြေတွေအားလုံးကို ချည်တုပ်ပြီး မစင်ပုံထဲ ထည့်ရဦးမယ်"

"ကျွန်ုပ်ကိုပေးမယ့် ငွေမှုန်ပုလင်းတွေ ဘယ်မှာလဲ" လို့ တူပိုး

mgyoe.com


က စိတ်မရှည်စွာ မေးလိုက်လေတယ်။

"အသင်ပြောတာ ကျွန်ုပ် ကြားတယ်။ ကျွန်ုပ်ကို မအော်ပါနဲ့။ ဒီလောက် ထိတ်လန့်စရာကောင်းတဲ့ တိုင်းနိုင်ငံမှာ ရောက်နေတဲ့ မိန်းကလေးတစ်ယောက်အတွက် သင်ဘာမျှဝမ်းနည်းမှုမဖြစ်ပေါ်ဘူးလား" လို့ဆိုကာ နတ်သမီးက သူ့လက်ကို ဖြန့်လိုက်ပြီး ပါးစပ်မှ တစ်စုံတစ်ခု ရေရွတ်လိုက်လေတယ်။ ချက်ချင်းဆိုသလို သူ့လက်ထဲသို့ ငွေရောင်ဘူးလေး ရောက်ရှိလာလေတယ်။

"ဒီမှာ ငွေမှုန်ပုလင်းတွေ ထည့်ထားတဲ့ဘူး" လို့ နတ်သမီးက ဆိုကာ ငွေရောင်ဘူးကို တူပိုးအား ပေးလိုက်လေတယ်။

တူပိုးလည်း ဘူးကိုယူလိုက်ပြီး ဖွင့်ကြည့်လိုက်တဲ့အခါ ပုလင်း ၆ ပုလင်းထဲမှာ တောက်ပနေတဲ့ ငွေမှုန်ကလေးတွေကို တွေ့ရတယ်။


"အသင် ဒီငွေမှုန်တွေကို လိုသလိုသာ အသုံးပြုပေတော့" လို့ ပြောဆိုကာ အခိုးအငွေ့တွေနဲ့အတူ တစ်ခဏချင်းနေရာမှ ပျောက်ကွယ်သွားလေတော့တယ်။

တူပိုးလည်း ငွေမှုန်ဘူးကို အိမ်သို့ပျော်ရွှင်ဝမ်းမြောက်စွာနဲ့ သယ်ယူလာခဲ့လေတယ်။ သူဟာ လမ်းခရီးတစ်လျှောက်မှာ သီချင်းတကြော်ကြော်နဲ့ သီဆိုလာခဲ့တယ်။

သူဟာ ငွေမှုန်တွေကို ဘယ်လိုအကောင်းဆုံးအဖြစ် သုံးရမလဲဆိုတာ တစ်နေ့လုံး စဉ်းစားနေလေတယ်။ နောက်ဆုံး အကြံရသွားပြီး အိပ်ရာသို့ဝင်ကာ ကောင်းစွာ အိပ်စက်လေတော့တယ်။ အိပ်မက်ထဲမှာ ရွှေတွေကိုသာ မြင်မက်ပြီး ရွှေကလွဲပြီး တခြားအိပ်မက်တွေ မမက်ဘူးတဲ့။

mgyoe.com

mgyoe.com

နောက်တစ်နေ့မနက်မှာ တူပိုးဟာ ရွာက အချမ်းသာဆုံးဖြစ်တဲ့ မြေပိုင်ရှင်ကြီး လော့လီးဆီ သွားရောက်ခဲ့တယ်။ လော့လီးဟာ တူပိုးရဲ့မြေယာတွေကို အမြဲပဲ ဝယ်ယူချင်နေသူဖြစ်တယ်။ တူပိုးရဲ့မြေယာဟာ စိုက်ပျိုးဖို့ကောင်းတဲ့ မြေယာဖြစ်ပြီး၊ သီးနှံလည်း အောင်မြင်ဖြစ်ထွန်းကာ အထွက်နှုန်းကောင်းတဲ့ လယ်မြေဖြစ်သတဲ့။ လော့လီးဟာ တူပိုးဆီ အကြိမ်ကြိမ်ချဉ်းကပ်ပြီး လယ်ယာမြေတွေဝယ်ဖို့ ကမ်းလှမ်းပေမယ့် တူပိုးဟာ သူ့လယ်ယာမြေတွေကို စျေးသိပ်တင်ထားတာမို့ အရောင်းအဝယ်မတည့်ဘူးဖြစ်နေတယ်။

တူပိုးက လော့လီးဆီရောက်တာနဲ့

"ကျွန်ုပ်လယ်မြေတွေကို ခင်ဗျားကို စျေးနှုန်းချိုချိုသာသာနဲ့ ရောင်းပါ့မယ်။ ဒါပေမဲ့ လယ်ယာမြေတွေအပြင် ကျွန်ုပ်ရဲ့ နွားနဲ့

mgyoe.com

mgyoe.com


အိမ်နဲ့တကွ ပိုင်ဆိုင်မှုပစ္စည်းတွေ အားလုံးကိုပါ ဝယ်ရပါ့မယ်။ အဲဒါတွေအားလုံးကို ရွှေဒင်္ဂါး ၆၀ နဲ့ရောင်းမယ်။ ဒါဟာ အနိမ့်ဆုံး ဈေးပဲ" လို့ပြောဆိုလေတယ်။

လော့လီးလည်း တစ်ချက်မျှ စဉ်းစားပြီးနောက် နောက်ဆုံး တူပိုးရဲ့အရောင်းအဝယ်စကားကို သဘောတူလိုက်လေတယ်။ တူပိုး လည်း ပိုင်ဆိုင်မှုစာချုပ်ကို လော့လီးသို့ပေးအပ်ကာ ရွှေတုံး ၁၀ တုံး စီထည့်ထားတဲ့ အိတ် ၆ အိတ်ကိုသယ်ကာ ထွက်ခွာလာခဲ့တယ်။

"ဒီရွှေတွေကို များလာအောင် လုပ်ဖို့လုံခြုံစိတ်ချရတဲ့ နေရာ ရှာရမယ်" လို့ တူပိုးက တွေးကာ မြင်းတစ်ကောင်ကို ငှားပြီး တောထဲသို့ထွက်ခွာလာခဲ့လေတယ်။ နောက်ဆုံး သူဟာရှင်းသန့် တဲ့ မြေပြန့်တစ်နေရာသို့ ရောက်ရှိလာတယ်။ အဲဒီနေရာဟာ ရွာ သူရွာသားတွေရောက်မလာတဲ့နေရာဖြစ်တယ်။ သူဟာ မြင်းပေါ် က ဆင်းပြီး မြင်းကို သစ်ပင်တစ်ပင်မှာ ချည်ထားလိုက်တယ်။ အဲဒီနောက် ရွှေတုံးတွေကို မြေပြင်ပေါ် စီလိုက်ကာ ငွေမှုန်ဘူးကို ထုတ်လိုက်လေတယ်။

"အိတ် ၆ အိတ်ထဲမှာ ရွှေတုံး ၁၀ တုံးစီပါတယ်။ ငွေမှုန်တစ် ပုလင်းစီနဲ့ ရွှေတုံးတစ်တုံးစီကို ရွှေတုံးတစ်ရာဖြစ်အောင် လုပ်ရ မယ်။ ဒါဆိုရွှေတုံးအတုံး ၆၀၀ ကို ငါပိုင်ပြီ" ဆိုကာ ထခုန်လိုက် ပြီး–

"ဟေး... ငါချမ်းသာပြီ။ လယ်လုပ်ဖို့ လယ်ယာတွေလည်း မလိုတော့ဘူး။ လယ်ထဲဆင်းဖို့ အိပ်ရာက စောစောထစရာလည်း မလိုတော့ဘူး။ အလုပ်လုပ်စရာလည်း မလိုတော့ဘူး။အိမ်ခပ်ကြီး ကြီးဝယ်၊ မြေတွေဝယ်ပြီး မြေပိုင်ရှင်အဖြစ် မြေတွေငှားစားရင်

mgyoe.com

mgyoe.com


စည်းစိမ်နဲ့နေနိုင်ပြီ” လို့ ကြုံးဝါးလေတယ်။

ရုတ်တရက်ဆိုသလို သူ့ခေါင်းထဲ အကြံတစ်ခုဝင်လာပြန်တယ်။

“ရွှေတုံးတွေအားလုံးကို ကျိုပြီး အတုံးကြီးတစ်တုံးတည်း လုပ်လိုက်လို့ ဖ ကြိမ်ကြီးလိုက်ရင် ရွှေတွေ ဆပွားပိုများလာမှာ အမှန်ပဲ။ အခုမှ မှန်ကန်တဲ့ အကြံဉာဏ်ရလာတယ်။ တော်သေးတာပေါ့။ အချိန်မီသေးလို့။ ပထမပုလင်းထဲက ငွေမှုန်က ရွှေတုံး ခြောက်ရာ၊ ဒုတိယပုလင်းထဲက ငွေမှုန်က ရွှေတုံး ခြောက်ထောင်၊ တတိယပုလင်းထဲက ငွေမှုန်က ရွှေတုံး ခြောက်သောင်း၊ စတုတ္ထပုလင်းက ရွှေတုံး ခြောက်သိန်း၊ ပဉ္စမပုလင်းက ငွေမှုန်က ရွှေတုံး ခြောက်သန်း၊ ဆဋ္ဌမပုလင်းက ငွေမှုန်က ရွှေတုံး သန်း ၆၀ ပြုလုပ်မယ်။ ဒီရွှေတွေနဲ့ဆို တစ်ရွာလုံးကိုတောင် ဝယ်နိုင်ပြီ။ မြေပိုင်ရှင်ကြီး လော့လီးမပြောနဲ့ တစ်ကမ္ဘာလုံးမှာတောင် ငါ အချမ်းသာဆုံး ဖြစ်ပြီ” လို့ အားရဝမ်းသာကာ နေလေတယ်။

ဒါနဲ့ သူဟာ ရွာထဲကို အမြန်မြင်းစီးပြီး လာခဲ့တယ်။ ရွှေပန်းထိမ်အိမ်ရောက်တဲ့အခါ သူက–

“ဒီရွှေတုံးတွေကို ကျိုပြီး ရွှေတုံးကြီးတစ်တုံးဖြစ်အောင်လုပ်ပေးပါ” လို့ခိုင်းလေတယ်။

ရွှေပန်းထိမ်ဆရာက

“ဘာလို့ရွှေတုံးကြီးကြီး လိုချင်ရသလဲ” လို့ အံ့သြတကြီး မေးလေတယ်။

“ကျုပ်လုပ်ခိုင်းတာကိုပဲ လုပ်ပေးပါ။ ဘာမှမမေးပါနဲ့။ ကျုပ်တခြားရွှေပန်းထိမ်ဆရာဆီ သွားရလိမ့်မယ်” လို့ ပြောလေတယ်။

mgyoe.com

mgyoe.com


ရွှေပန်းထိမ်ဆရာလည်း ဘာမျှထပ်မမေးတော့ဘဲ တူပိုးခိုင်းတဲ့အတိုင်း လုပ်ဆောင်ပေးလေတယ်။ ဒါပေမဲ့ တူပိုးဟာ ဘာဖြစ်လို့ ဒီလိုပြုလုပ်ရသလဲဆိုတာကိုတော့ သိပ်သိချင်နေတယ်။

ရွှေတုံးခဲကြီး သွန်းလုပ်ပြီးတဲ့အခါမှာတော့ တူပိုးဟာ ရွှေပန်းထိမ်ဆရာအား လုပ်အားခပေးပြီး မြင်းကို အသော့နှင်ကာ တောထဲ



က မြေပြန့်နေရာဆီ ပြန်လာခဲ့တယ်။ သူဟာ မြင်းကို သစ်ပင်မှာ ချည်ကာ ရွှေတုံးကြီးကို မြေပြင်ပေါ်သို့ ချလိုက်တယ်။ အဲဒီနောက် ငွေမှုန်ပုလင်းတွေကို ငွေသေတ္တာထဲကထုတ်ယူလိုက်ကာ ပထမပုလင်းထဲက ငွေမှုန်တွေကို ရွှေတုံးကြီးပေါ်ကြဲပက်လိုက်လေတယ်။ အဲဒီအခါ ရွှေတုံးကြီးဟာ တဖြည်းဖြည်းကြီးသထက်ကြီးလာကာ နောက်ဆုံး ရွှေတုံးကလေးခြောက်ရာ အလေးချိန်အထိ ဖြစ်လာတယ်။ မူလအရွယ်ထက် ၁၀ ဆ ကြီးလာခြင်းဖြစ်တယ်။

mgyoe.com

mgyoe.com


တူပိုးဟာ ရွှေတုံးခဲကြီးကို ကြည့်ကာ အလွန်ပဲ ဝမ်းမြောက်ဝမ်းသာဖြစ်နေတယ်။ သူဟာ ရွှေတုံးကြီးကို မကြည့်တယ်။ အတော်လေးနေတာကို တွေ့ရတယ်။

တူပိုးဟာ ဒုတိယငွေမှုန်ပုလင်းကိုယူကာ ရွှေတုံးကြီးပေါ် ကြဲပက်လိုက်လေတယ်။ သူဟာ စိတ်လှုပ်ရှားလွန်းလို့ သူ့လက်တွေ တုန်နေတယ်။ သူ့မျက်စိအောက်မှာပင် ရွှေတုံးကြီးဟာ တဖြည်းဖြည်း ကြီးလာပြီး ရွှေတုံးခဲလေးတွေ ခြောက်ထောင်အလေးချိန်ရှိတဲ့ ကြီးမားတဲ့ ရွှေတုံးခဲကြီးဖြစ်လာတာကို တွေ့ရတယ်။

တူပိုးလည်း တတိယမြောက် ငွေမှုန်ပုလင်းကို ယူလိုက်ပြီး အဖုံးကို ဖွင့်လိုက်တယ်။ အဲဒီအခါ ငွေမှုန်အချို့သူ့ခြေထောက်နားကျသွားတယ်။

“ကံကောင်းလို့ ခြေထောက်မကြီးတယ်။ ငွေမှုန်တွေ ထိများထိသွားရင် ကမ္ဘာပေါ်မှာ ငါဟာ ခြေထောက်အကြီးဆုံးဖြစ်သွားမယ်” လို့ စိုးရိမ်သွားကာ စိတ်တည်ငြိမ်အောင် ခဏနေပြီးမှ ငွေမှုန်ကိုတွေကို ရွှေတုံးကြီးပေါ် သေသေချာချာ ကြဲပက်လိုက်လေတယ်။ ဒီတစ်ခါတော့ ရွှေတုံးခဲကြီးဟာ တဖြည်းဖြည်းကြီးလာလိုက်တာ သူ့ခြေမအထိ ရောက်လာခဲ့တယ်။ ရွှေတုံးလေးတွေ ခြောက်သောင်း အလေးချိန်ရှိတဲ့ ရွှေတုံးကြီးဖြစ်လာခဲ့တယ်။

တူပိုးရဲ့ စတုတ္ထမြောက် ငွေမှုန်ပုလင်းကို ဖွင့်ပြီး ငွေမှုန်တွေကို ကြဲပက်လိုက်တဲ့အခါမှာတော့ ရွှေတုံးခဲကြီးဟာ ကြီးလာလိုက်တာ ခြေတစ်လှမ်းနောက်ဆုတ်ရတဲ့ အခြေအနေအထိ ရောက်လာတယ်။ ရွှေတုံးခဲခြောက်သိန်းအလေးချိန်ရှိတဲ့ ရွှေတုံးခဲကြီးဖြစ်လာခဲ့တယ်။ ပဉ္စမမြောက် ငွေမှုန်ပုလင်းထဲက ငွေမှုန်တွေ ကြဲပက်လိုက်

mgyoe.com

mgyoe.com


တဲ့အခါမှာတော့ ခြေလှမ်းနှစ်လှမ်း စာဆုတ်ရတဲ့အထိ ရွှေတုံးကြီး က ကြီးမားလာခဲ့တယ်။ ရွှေတုံးခဲ ခြောက်သန်းအလေးချိန်ရှိတဲ့ ရွှေတုံးကြီးဖြစ်လာပြီပေါ့။ တူပိုးဟာ နောက်ဆုံးလက်ကျန် ငွေမှုန် ပုလင်းထဲက ငွေမှုန်တွေကို ကြဲပက်လိုက်တဲ့အခါမှာတော့ ရွှေတုံး ကြီးဟာ တဖြည်းဖြည်းကြီးလာလိုက်တာ မြေပြင်နဲ့တစ်ပြင်လုံး ပြည့်သွားပြီး သစ်ပင်အမြင့်အထိ ရောက်ရှိလာတာ တွေ့ရတယ်။ ရွှေတုံးခဲ ခြောက်ကုဋေစာအထိ ရှိလာခဲ့တယ်။ ရွှေတုံးခဲကြီးဟာ နေရောင်ထဲမှာ ဝင်းဝင်းလဲ့နေတယ်။

ရွှေတုံးကြီးကိုကြည့်ပြီး တူပိုးဟာ သိပ်ဝမ်းမြောက်ဝမ်းသာ ဖြစ်နေမိတယ်။ သူ့ဘဝမှာ အပျော်ရွှင်ဆုံးနေ့ပဲ။ သူဟာ ရွှေတုံးကြီး ကို ကြည့်မဝ၊ ရှုမဝဖြစ်နေပြီး

"ဒီရွှေတုံးကြီးကို ရွှေပန်းထိမ်ဆရာဆီမှာ ရွှေတုံးကလေးတွေ



mgyoe.com

mgyoe.com


ရအောင် ပုံသွန်းလောင်းခိုင်းမယ်။ ရွှေတုံးကြီးက သိပ်လေးတော့ သူ့ဆီယူသွားလို့မဖြစ်နိုင်ဘူး။ သူ့ကို ဒီနေရာခေါ်လာပြီးမှ ရွှေအတုံး အခဲလေးတွေ လုပ်ခိုင်းမှရမယ်။ ဒါဆို ငါဟာ ဒီကမ္ဘာမှာ အချမ်းသာဆုံးလူဖြစ်ပြီ။ လိုချင်တာအကုန်ရနိုင်ပြီ။ အင်း... အခု ရွှေပန်းထိမ်ကို သွားခေါ်လို့မဖြစ်သေးဘူး။ မှောင်လာပြီ" လို့ဆိုကာ တူပိုးဟာ ရွှေတုံးကြီးကို စောင့်ဖို့ တောထဲမှာပဲ ညအိပ်ဖို့ ဆုံးဖြတ်လိုက်လေတယ်။

မိုးလင်းလင်းချင်း တူပိုးဟာ မြင်းကိုအသော့နှင်ကာ ရွှေပန်းထိမ်ရှိရာ ရွာထဲသို့လာခဲ့တယ်။ ဒီလိုနဲ့ တူပိုးနဲ့ ရွှေပန်းထိမ်တို့နှစ်ယောက် ရွှေတုံးကြီးဆီသို့ရောက်ရှိလာကြတယ်။ အလွန်တရာကြီးမားလှတဲ့ တောင်ကုန်းကြီးလောက် ကြီးမားတဲ့ ရွှေတုံးကြီးကို မြင်တော့ ရွှေပန်းထိမ်ဟာ သူ့မျက်စိကို အခါခါ ပွတ်ကာ မယုံနိုင်ဘူးဖြစ်နေတယ်။

"အဲဒီ ရွှေတုံးကြီးကို ပိုင်းဖြတ်ပေးပါ" လို့ တူပိုးက ရွှေပန်းထိမ်ကို ပြောတယ်။

ပန်းထိမ်ဆရာလည်း ကြီးမားလှတဲ့ ရွှေတုံးကြီးကို သူ့ပစ္စည်းကိရိယာတွေနဲ့ ဖြတ်လေတယ်။ ဒါပေမဲ့ ရွှေတုံးကြီးဟာ ခြောက်ကြိမ်လောက် ထပ်ကာထပ်ကာ ကြီးလာတဲ့အတွက် စိန်တုံးထက်ပင် မာလာတယ်။ စိန်ကို ခွဲရတာထက် ပိုခက်ခဲနေလေတယ်။

"ဒီရွှေတုံးကြီးကို ခွဲဖြတ်ဖို့ အလွန်ခက်ပါတယ်။ မဖြစ်နိုင်ပါဘူး။ ရွှေတုံးကြီးကိုကျိုမှရပါမယ်။ ဒါကြောင့် မီးဖိုအကြီးကြီးတည်ဆောက်ရပါမယ်" လို့ ပန်းထိမ်ဆရာက အကြံပေးတယ်။

ဒီလိုနဲ့ တူပိုးဟာ မီးဖိုအကောင်းဆုံး တည်ဆောက်နိုင်မယ့်

mgyoe.com